AUTHENTIC

MYANMAR Outbound Tour®



comfort to destination

# ဗီယက်နမ်

# HIGHLIGHT

## ✧ လေယာဉ်စီးချိန် ✧

(၂) နာရီ (၂၀) မိနစ်

## ✧ အချိန်ကွာခြားမှု ✧

+၃၀ မိနစ်

## ✧ ရာသီဥတု ✧

ဇန်နဝါရီလ မှ မေလ ထိ – 26˚C to 29˚C
ဇွန်လ မှ အောက်တိုဘာလ ထိ – 25˚C to 28˚C
နိုဝင်ဘာလ မှ ဒီဇင်ဘာလ ထိ – 25˚C to 27˚C

## ✧ ဘာသာစကား ✧

Vietnamese

## ✧ အဓိက အစားအစာ ✧

ထမင်း၊ အသီးအရွက် နှင့် အသား

## ✧ သုံးစွဲသည့်ငွေ ✧

Vietnam Dong (ဗီယက်နမ်ဒေါင်)

# AM VIETNAM (N & C) 07D/06N 2020

## YANGON-HANOI-HALONG-DANANG-HOI AN-YANGON

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသည် အရှေ့တောင်အာရှ၊ အင်ဒိုချိုင်းနား ကျွန်းဆွယ်၏ အရှေ့ဖက်စွန်းတွင် တည်ရှိသော နိုင်ငံဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် လွတ်လပ်ရေးရပြီးသောနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံများတွင် ပါဝင်သည်။ ဗီယက်နမ်သည် ကမ္ဘာပေါ်ရှိ တစ်ပါတီစနစ် ကျင့်သုံးပြီး၊ ကွန်မြူနစ်စနစ် ကိုလက်ခံကျင့်သုံးသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

### ITINERARY AT A GLANCE

| DAY | DATE | DEPARTURE | TRANSFER | VISIT / FLIGHT | ARRIVE |
|---|---|---|---|---|---|
| DAY 01 | 2020 | **YANGON** | / | HANOI | HANOI |
| DAY 02 | 2020 | HANOI | / | HALONG BAY | HALONG CITY |
| DAY 03 | 2020 | HALONG CITY | / | HANOI | HANOI |
| DAY 04 | 2020 | HANOI | | HANOI | DANANG |
| DAY 05 | 2020 | DANANG | | BANA HILLS | DANANG |
| DAY 06 | 2020 | DANANG | | HOI AN/ DANANG | HAOI |
| DAY 07 | 2020 | HANOI | / | * | **YANGON** |

**ခေတ်ပုံပါ အကြောင်းအရာ။** ။ ခမ်းနားလွန်းတဲ့ ဒီဇိုင်းပိုင်းနှင့် တည်ဆောက်ထားပြီး ရင်သပ်ရှုမောဖွယ် ရှုခင်းတွေကို တွေ့မြင်နိုင်မည့် Golden Bridge (ခေါ်) ရွှေလက်တံတား

# AM VIETNAM (N & C) 07D/06N
# 2020

YANGON-HANOI-HALONG-DANANG-HOI AN-YANGON

## DAY 01-YANGON - - - HANOI



**Yangon** အပြည်ပြည်ဆိုင်ရာလေဆိပ်မှစတင်ထွက်ခွာပြီး **Noi Bai** အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိမည်ဖြစ်ပါသည်။ လေဆိပ်သို့ရောက်ရှိသည်နှင့် ဧည့်လမ်းညွှန်မှ လာရောက်ကြိုဆိုပါမည်။ ဟိုတယ်သို့ ပို့ဆောင်ကာ Check–in ဝင်ပြီး အိပ်စက်အနားယူပါမည်။

## DAY 02 – HANOI - - - HALONG

ဟိုတယ်တွင်နံနက်စာသုံးဆောင်ပါမည်။

နံနက်စာသုံးဆောင်ပြီးနောက်တွင် သဘာဝအတိုင်း ဖြစ်ပေါ်လျက်ရှိသော ကျောက်ဆောင်များ၊ ကျောက်စက်မိုးမျှော်များရှိရာ လှပသော **Halong Bay** တွင် (၃) နာရီခွဲခန့် သင်္ဘောစီးပြီး ကျေးလက်ဒေသ၏ အလှ၊ လယ်ကွင်းပြင်ကြီးများ၏ အလှနှင့် ကျေးလက်လယ်သမားများ ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ရိုးရာဝတ်စုံများပြုလုပ်သည့်နေရာနှင့် ပန်းချီပန်းထိုးလုပ်ငန်း စသည့်နေရာများသို့ သွားရောက်လည်ပတ်ပါမည်။ နေ့လည်ပိုင်းတွင် **Ha Long** မြို့သို့ရောက်ရှိကာ **Cruise** ပေါ်သို့ သွားရောက်ပါမည်။ **Cruise** ပေါ်သို့ရောက်ရှိသည်နှင့် တပြိုင်နက်ဝန်ထမ်းများက သောက်သုံးစရာတစ်ခုခုဖြင့် ကြိုဆိုဧည့်ခံပါမည်။

သင်္ဘောပေါ်တွင် နေ့လည်စာသုံးဆောင်ရင်း သာယာလှပသော **Halong Bay** ၏အလှအပကိုလည်း ကြည့်ရှုခံစားရပါမည်။

ထိုမှတဖန် လှပသောကျွန်းများဖြစ်တဲ့ **Dau Go** ကျွန်းစွယ် ၊ **Thien Cung** လှိုဏ်ဂူ တို့ကို သွားရောက်လည်ပတ်ကြမှာဖြစ်ပါသည်။

ညနေပိုင်းတွင် **Halong** မြို့ပေါ်သို့ ပြန်လာကာ ဟိုတယ်တွင် အိပ်စက်အနားယူပါမည်။







## DAY 03 – HALONG- - -HANOI

ဟိုတယ်တွင်နံနက်စာသုံးဆောင်ပါမည်။
နံနက်စာ သုံးဆောင်ပြီးနောက်တွင် ဧည့်လမ်းညွှန် နှင့် အတူ Hanoi မြို့ သို့ ပြန်လာပါမည်။ Hanoi မြို့သို့ ရောက်သောအခါ ဗီယက်နမ်နိုင်ငံရဲ့ ကျော်ကြားလှသော သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များ ထားရှိရာ ပြတိုက်သို့ လိုက်လံ ပို့ဆောင်ပေးမှာဖြစ်ပါသည်။ ထို့နောက်တွင် မြို့လယ်ခေါင်ရှိ **Hoan Kiem** ရေကန်သို့ သွားရောက် လေ့လာလည်ပတ်ကြပြီး **Old Quarter** တွင် ဈေးဝယ်ထွက် ကြပါမည်။
နေ့လည်စာ နှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။
ထို့နောက် ဟိုတယ်သို့ Check In ဝင်ကာ အိပ်စက်အနားယူပါမည်။





## DAY 04 – HANOI - - - DANANG



ဟိုတယ်တွင်နံနက်စာသုံးဆောင်ပါမည်။
ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပြီးနောက်တွင် **Danang** မြို့သို့ ထွက်ခွာရန် လေဆိပ်သို့ လိုက်လံပို့ဆောင်ပေးပါမည်။ **Hanoi** လေဆိပ်မှ စတင်ထွက်ခွာပြီး **Danang** လေဆိပ်သို့ရောက်ရှိပါမည်။ လေဆိပ်သို့ရောက်ရှိသည်နှင့် ဧည့်လမ်းညွှန်မှ လာရောက်ကြိုဆိုပြီး ဟိုတယ်သို့လိုက်လံပို့ဆောင်ပေးပါမည်။
နေ့လည်စာ နှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။
ထို့နောက် ဟိုတယ်သို့ Check In ဝင်ကာ အိပ်စက်အနားယူပါမည်။

## DAY 05 –DANANG- -BANA HILLS- -DANANG

ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပါမည်။

နံနက်စာသုံးဆောင်ပြီးနောက်တွင် Danang မြို့ရဲ့ အလှပဆုံး ကမ်းနားလမ်းတစ်ခုဖြစ်တဲ့ **Nguyen Tat Thanh** လမ်းကိုဖြတ်သန်းသွားကာ **Bana Hills** တောင်သို့ခရီးဆက်ပါမည်။ တောင်ခြေသို့ရောက်သောအခါတွင် အာရှတိုက်တွင် အရှည်လျားဆုံး **Cable Car** များတွင် တစ်ခုအပါအဝင် ဖြစ်တဲ့ **Bana Hills** တောင်တတ်ကားကို စီးနင်းပြီး လှပသော တောင်တန်းများ ၊ တန်ဖိုးမဖြတ်နိုင်သော သဘာဝရှုခင်းများကို ကြည့်ရှုရင်းတောင်အလယ် သို့သွားရောက်ကြပါမည်။ တောင်အလယ်ပိုင်းသို့ရောက်သောအခါ ပြင်သစ်ကျေးရွာတစ်ခုဖြစ်တဲ့ **Le Jardin** ကျေးလတ် နှင့် ၂၇ မီတာအမြင့်ရှိသော **Ling Ung** ရုပ်တုတော်သို့ သွားရောက်ဖူးမျှော်ကြပါမည်။ ထိုမှ တဖန် **Cable Car Station** သို့သွားရောက်ပြီး အမြင့်ပေ ၁၄၈၇ မီတာ ရှိသော **Chua** တောင်ပေါ်သို့ဆက်လက် ခရီးဆက်ပါမည်။ တောင်ပေါ်သို့ရောက်သောအခါ လှပခမ်းနားသော **Dreaming Stream** ရှိ အပန်းဖြေစခန်းများ **၊ သက်တံ ရေတံခွန်** ၊ နာမည်ကျော်ကြားနေသော **လက်တံတာကြီး ပေါ် မှ လှပသော ရှုခင်းများ** နှင့် အမှတ်တရဓာတ်ပုံများစွာ ရိုက်ကူး ပြီး တောင်ခြေသို့ ပြန်လာကြပါမည်။ ညနေပိုင်းတွင် **Danang** မြို့ရှိ ဟိုတယ်သို့ ပြန်လာကာ အိပ်စက်အနားယူပါ မည်။

နေလည်စာအား တောင်ခြေရှိ ဒေသခံစာသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။
ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။
ညနေပိုင်းတွင် Danang မြို့ပေါ်သို့ ပြန်လာကာ ဟိုတယ်တွင် အိပ်စက်အနားယူပါမည်။





## DAY 06 – DANANG- -HOI AN- -DANANG- -HANOI

ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပါမည်။

နံနက်စာသုံးဆောင်ပြီးနောက်တွင် ဗီယက်နမ်နိုင်ငံရဲ့ ထင်ရှားလှသော ရှေးဟောင်းမြို့တော် တစ်ခုဖြစ်တဲ့ Hoi An မြို့သို့ စတင်ထွက်ခွာပါမည်။ ၁၅၉၃ ခုနှစ်က ဂျပန်တို့ တည်ဆောက်ခဲ့သော **Japanese Covered Bridge** တံတား၊ ရှေး ဟောင်း အိုးများပြသထားတဲ့ အိုးပြတိုက်၊ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀) ခန့် ကတည်ဆောင်ထားသော **Tam Ky** အိမ် **Chua Ong** ဘုရား နှင့် လူစည်ကားသော ဈေးစသော နေရာများသို့ လိုက်လံပို့ဆောင်ပေးရုံသာ မက ဗီယက်နမ်လူမျိုးတို့ ရဲ့ နေထိုင် ဝတ်စားဆင်ယင်မှုပုံစံ တို့ကို လည်း တွေ့မြင်နိုင်ရန် လိုက်လံပို့ဆောင်ပေးပါမည်။ ညနေပိုင်းတွင် **Hanoi** သို့ ပြန်ရန် လေဆိပ်သို့ လိုက်လံပို့ဆောင်ပေးပါမည်။

နေ့လည်စာ နှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။

ထို့နောက် ဟိုတယ်သို့ Check In ဝင်ကာ အိပ်စက်အနားယူပါမည်။







## DAY 07 – HANOI- ✈ -YANGON



ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပါမည်။

နံနက်စာသုံးဆောင်ပြီးနောက်တွင် **Honoi** မြို့ရှိ ဗီယက်နမ်လူမျိုးများ လေးစားကြည်ညိုရသော အာဇာနည်သူရဲကောင်း ဟိုချီမင်း၏ ဂူဗိမ္မာန်တော် ( **Ho Chi Minh's Mausoleum the final resting place** ) ၊ ဟိုချီမင်း နေထိုင် ခဲ့ရာ ခြေတံရှည်အိမ် (**President Ho Chi Minh's stilt house)** နှင့် ဗီယက်နမ်လူမျိုးများ၏ ရှေးယခင်ဘုရင်မင်းမြတ် **Ly Thai To (**၁၀၄၉) တွင် တိုင်တစ်ခုတည်းဖြင့် တည်ဆောက်ခဲ့သော **One Pillar Pagoda** စသည့် နေရာများသို့ လိုက်လံပို့ဆောင်ပေးပါမည်။ ထို့နောက် ခရီးစဉ်ပြီးဆုံးပြီဖြစ်ပါသဖြင့် လေဆိပ်သို့ လိုက်လံပို့ဆောင်ပေး ပါမည်။ Hanoi အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စတင်ထွက်ခွာပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပြန်လည် ရောက်ရှိ မည်ဖြစ်ပါသည်။

~~ဗီယက်နမ် ခရီးစဉ် ပျော်ရွှင်စွာ ပြီးဆုံးပါပြီ~~